# ၂၀၁၅ခုနှစ်၊ဒီဇင်ဘာလ၁၀ရက်နေ့တွင်ကျရောက်သောနိုင်ငံတကာလူ့အခွင့်အရေးနေ့အထိမ်းအမှတ်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏သတင်းထုတ်ပြန်ချက်

## ထုတ်ပြန်ချက်အမှတ် (၁၆/၂၀၁၅)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် သည်၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ၁၀ရက်နေ့တွင် ကျရောက်သောနိုင်ငံတကာလူ့အခွင့်အရေးနေ့ အခါသမယတွင် နိုင်ငံတကာအသိုက်အဝန်းနှင့် အတူဤသမိုင်းဝင်နေ့ရက်ကိုဂုဏ်ပြုဆင်နွှဲအပ်ပါသည်။

၂။ နိုင်ငံတကာလူ့အခွင့်အရေးနေ့သည် ကမ္ဘာသူကမ္ဘာသားများနှင့် ကမ္ဘာတစ်ဝှမ်းရှိ လူ့အခွင့်အရေးအဖွဲ့အစည်းများအတွက် အရေးပါသော နေ့တစ်နေ့ဖြစ်ပါသည်။ ယင်းကဲ့သို့ အရေး ပါသော အခါသမယတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် တစ်နှစ်တာကာလအတွင်း လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးဆောင်ရွက်ချက်များကို သုံးသပ်ဖော်ပြရန် အသင့်လျော်ဆုံးအချိန်ဖြစ်ပါသည်။

၃။ ၂၀၁၅ခုနှစ်အတွင်း၌ ကော်မရှင်သည်လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ရန်ကုန်၊ ပဲခူး၊ မကွေး၊ တနင်္သာရီ၊ ဧရာဝတီ၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများ၊ နေပြည်တော်ကောင်စီနှင့် ချင်းပြည်နယ်တို့အတွင်းရှိ မြို့နယ်ပေါင်း(၃၁)မြို့နယ်တွင် အောက်ခြေအဆင့်လူ့အခွင့်အရေး အသိပညာပေးဟောပြောပွဲများနှင့် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ အစိုးရဝန်ထမ်းများ အတွက်လူ့အခွင့်အရေးအသိပညာပေး အလုပ်ရုံသင်တန်းများကိုကျင်းပခဲ့ပါသည်။ ထို့ပြင်ကော်မရှင်သည်နေပြည်တော်ရှိနိုင်ငံတော်သမ္မတရုံး၊ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊လွှတ်တော်ရုံး(၃)ရုံး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့်ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများရှိဝန်ထမ်းများအားလူ့အခွင့်အရေးဆိုင်ရာအသိပညာများဖြန့်ဝေရန်အတွက်ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသွားရောက်၍လူ့အခွင့်အရေးဆိုင်ရာဟောပြောပွဲများကျင်းပခဲ့ပါသည်။

၄။ ကော်မရှင်သည်၂၀၁၅ခုနှစ်အတွင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တို့၌နိုင်ငံ့ဝန်ထမ်းများအတွက်ဖွင့်လှစ်သောသင်တန်း (၂၃) ခုတွင်လူ့အခွင့်အရေးဘာသာရပ်များကိုသွားရောက်ပို့ချခဲ့ပါသည်။ထို့ပြင်နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တွင်လည်းလူ့အခွင့်အရေးဆိုင်ရာအသိပညာများဆွေးနွေးဟောပြောခဲ့ပါသည်။ကော်မရှင်သည်ပြည်သူလူထုအားလူ့အခွင့်အရေးဆိုင်ရာအသိပညာဗဟုသုတများကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်အတွက်ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကိုမြန်မာဘာသာအပြင်ကချင်၊မွန်နှင့်ရှမ်းဘာသာစကားများသို့ဘာသာပြန်ဆို၍ဖြန့်ဝေခဲ့ပါသည်။ထို့ပြင်၂၀၁၅ခုနှစ်အတွင်း၌ကမ္ဘာ့လူ့အခွင့်အရေး

ကြေညာစာတမ်း၊အပိုဒ်၂၆ပညာသင်ကြားပိုင်ခွင့်နှင့်ပတ်သက်၍ရုပ်သံဇာတ်လမ်းတိုရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။

၅။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးကာကွယ်ရေး လုပ်ငန်းအဖြစ် တိုင်တန်းချက်များကိုကိုင်တွယ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့ မှလက်ရှိအချိန်အထိ လက်ခံရရှိသော တိုင်ကြားစာပေါင်း၁၂၀၀ကျော်ကို စိစစ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ခဲ့ပါသည်။တိုင်ကြားစာအချို့နှင့်ပတ်သက်၍လည်းကွင်းဆင်း စစ်ဆေးမှုများလည်းပြုလုပ်ခဲ့ပါသည်။

၆။ ၂၀၁၅ ခုနှစ်အတွင်း ကော်မရှင်သည် အင်းစိန်ဗဟိုအကျဉ်းထောင်၊ စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့များရှိ အကျဉ်းထောင်နှင့် ရဲအချုပ်ခန်းများ၊ မိုင်းဆတ်မြို့ရှိ အကျဉ်းထောင်၊ မန္တလေး၊ နောင်ချို၊ သီပေါနှင့် လားရှိုးမြို့များရှိ အကျဉ်းထောင်နှင့် အလုပ်စခန်းများ၊ ကော့သောင်းမြို့နှင့် မြိတ်မြို့များရှိ အကျဉ်းထောင်နှင့် ရဲအချုပ်ခန်းများအား သွားရောက် စစ်ဆေးခဲ့ပြီး ကော်မရှင်၏ အကြံပြုချက်နှင့်အတူ ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ပါသည်။ ထို့ပြင် ကော်မရှင်သည် သာယာဝတီအကျဉ်းထောင်တွင် ထိန်းသိမ်းထားရှိသော ဆန္ဒပြ ကျောင်းသူ ကျောင်းသားများ၊ ဝန်းရံသူများ၏ လူ့အခွင့်အရေးအခြေအနေကို စစ်ဆေးရန်အတွက် ကော်မရှင်မှ အဖွဲ့တစ်ဖွဲ့ သွားရောက်စစ်ဆေးခဲ့ပြီး ကော်မရှင်၏ အကြံပြုချက်များနှင့်အတူ ထုတ်ပြန်ချက် တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ချက်တွင် အကျဉ်းထောင်အခြေအနေ ပိုမိုတိုးတက် ကောင်းမွန်ရေးအတွက် ကော်မရှင်က အကြံပြုတိုက်တွန်းခဲ့ပါသည်။ ထို့ပြင် အကျဉ်းထောင် အက်ဥပဒေအရ တရားစွဲဆိုခြင်းခံထားရသူများနှင့် ပတ်သက်၍လည်း သက်ညှာစွာ စဉ်းစားပေး သင့်ပါကြောင်း အကြံပြုတိုက်တွန်းခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ ရတနာပုံတက္ကသိုလ်မှ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော ဆန္ဒပြကျောင်းသား ၄ ဦးက စာမေးပွဲဖြေဆိုရန်အတွက် အချုပ်လွတ် ထုချေခွင့် အာမခံ လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ကော်မရှင်က သတင်း ထုတ်ပြန်ရာတွင် အထက်ပါ ကျောင်းသားများ၏ ပညာသင်ကြားမှုအခွင့်အရေးများ ဆုံးရှုံးနစ်နာမှု မရှိစေရေး အတွက် ၎င်းတို့၏ လျှောက်ထားချက်ကို အလေးထားစဉ်းစားသင့်ပါကြောင်း အကြံပြု တိုက်တွန်းခဲ့ပါသည်။ လက်ပံတန်းမြို့၌ အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ဆန္ဒပြသော သပိတ် စစ်ကြောင်းအား ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းခဲ့မှုနှင့်ပတ်သက်သည့် ကိစ္စကို ကော်မရှင်က စုံစမ်းစစ်ဆေး၍ ကော်မရှင်၏ အကြံပြုချက်များနှင့်အတူ ထုတ်ပြန်ချက် ထုတ်ပြန်ခဲ့ပါသည်။ ယင်းကဲ့သို့ ထုတ်ပြန်ရာ၌ အဓိကရုဏ်းဖြစ်ပွားရာတွင် နည်းလမ်းတကျ ကိုင်တွယ်ဆောင်ရွက်ခြင်းမရှိသော ရဲတပ်ဖွဲ့ဝင်များအား ထိုက်သင့်သလို အရေးယူသင့်ကြောင်း ထည့်သွင်းဖော်ပြခဲ့ပါသည်။

၇။ ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန် ရက်ပိုင်းမျှသာလိုပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိချိန်တွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ သတင်းထုတ်ပြန်ချက်တွင် အထွေထွေရွေးကောက်ပွဲကို ကြိုဆိုသောအားဖြင့် အကျဉ်းထောင်များရှိ နိုင်ငံရေးအကျဉ်းသားများအနက် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် ငြိမ်းချမ်းစွာ ပါဝင်ဆောင်ရွက်နိုင်သူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်း၊ အမျိုးသားပညာရေး ဥပဒေ ပြင်ဆင်ရေး သပိတ်မှောက်တောင်းဆိုဆန္ဒပြခဲ့သည့် ထိန်းသိမ်းခံကျောင်းသူကျောင်းသားများနှင့် ဝန်းရံပြည်သူများကို သက်ညှာစွာစဉ်းစားပေးခြင်းတို့ ဆောင်ရွက်ပေးမည်ဆိုပါက ၎င်းတို့သည် အထွေထွေရွေးကောက်ပွဲ၌ လွတ်လပ်စွာ ပါဝင်ဆင်နွှဲခွင့် ရရှိနိုင်မည်ဖြစ်သဖြင့် အဆိုပါ နိုင်ငံရေးအကျဉ်းသားများ၊ ထိန်းသိမ်းခံကျောင်းသူ ကျောင်းသားများနှင့် ဝန်းရံပြည်သူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရေးအတွက် စဉ်းစားပေးပါရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်က နိုင်ငံတော် သမ္မတထံ မေတ္တာရပ်ခံတင်ပြခဲ့ပါသည်။

၈။ လူ့အခွင့်အရေးဘာသာရပ်နှင့် စပ်လျဉ်းသည့် ဟောပြောပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းသည် ကော်မရှင်၏ အရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်အတွင်း ကျင်းပခဲ့သည့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများအနက် အရေးကြီးသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်မှာ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပါသည်။ ၎င်းအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ ဧပြီလနှင့် စက်တင်ဘာလများတွင် နေပြည်တော်၌ ကော်မရှင်နှင့် UN Women အဖွဲ့တို့ ပူးပေါင်းကျင်းပ၍ အလုပ်ရုံဆွေးနွေးပွဲအပြီး ထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် နိုင်ငံရေးလုပ်ငန်းစဉ်နှင့် အုပ်ချုပ်မှုကဏ္ဍများ၌ အမျိုးသမီးများ၏ ခေါင်းဆောင်မှု မြှင့်တင်ပေးရန် အကြံပြုတိုက်တွန်း ချက် ပါဝင်ပါသည်။

၉။ ကော်မရှင်သည် အရှေ့တောင်အာရှ လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ် (SEANF) နှင့် အာရှ-ပစိဖိတ်ဒေသ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (APF) ကဲ့သို့ ဒေသအဆင့် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်းဖြင့် ဒေသအဆင့်၌ ကော်မရှင်၏ ပူးပေါင်းဆောင်ရွက်မှုသည် ခိုင်မာအားကောင်းလျက်ရှိပါသည်။ ကော်မရှင် ဥက္ကဋ္ဌသည် အဖွဲ့ဝင်တစ်ဦး လိုက်ပါလျက် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့ အထိ မွန်ဂိုလျား နိုင်ငံတွင် ကျင်းပသော APF ၏ (၂၀)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ပါသည်။ ယင်းအစည်းအဝေးတက်ရောက်စဉ်အတွင်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် မွန်ဂိုလျားနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်တို့ အကြား ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့ပြင် ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် တစ်ဦးတို့သည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှ ၃၀

ရက်နေ့အထိ မလေးရှားနိုင်ငံ၌ ကျင်းပသော (၁၂) ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ခဲ့ ပါသည်။ အဆိုပါ အစည်းအဝေးတွင် SEANF အတွင်းရေးမှူးချုပ်ရုံးဖွင့်လှစ်ရေးကိစ္စအပါအဝင် လူ့အခွင့်အရေးဘာသာရပ်ဆိုင်ရာ ကိစ္စရပ် များကို ဆွေးနွေးခဲ့ကြပြီး ၂၀၁၆ ခုနှစ်၊ အရှေ့တောင် အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့ အစည်းများဖိုရမ်၏ ဥက္ကဋ္ဌတာဝန်ကို မလေးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌထံမှ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌက လွှဲပြောင်းရယူခဲ့ပါသည်။

၁၀။ ကော်မရှင်သည် အခြားအမျိုးသားလူ့အခွင့်အရေးကော်မရှင်များနှင့်လည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။၂၀၁၅ခုနှစ်၊ဇူလိုင်လ ၂၀ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ဝန်ထမ်း (၆) ဦးသည် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ လာရောက်လေ့လာခဲ့ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဝန်ထမ်း (၁၅) ဦးကလည်း ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်ကာ လူ့အခွင့်အရေးဆောင်ရွက်မှုများကို လေ့လာခဲ့ပါသည်။

၁၁။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေတွင်ပါရှိသည့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီမြန်မာနိုင်ငံ၌လူ့အခွင့်အရေးကိုလေးစားကာကွယ်သည့်လူ့အဖွဲ့ အစည်းတစ်ရပ်ပေါ်ပေါက်လာစေရန်အတွက်သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍အကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းလူ့အခွင့်အရေးနေ့အခါသမယတွင်သန္နိဋ္ဌာန်ပြုပါသ ည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်